Instagram (ကိုရီးယား)

Instagram (ကိုရီးယား)

Instagram (အင်္ဂလိပ်)

Instagram (ဂျပန်)

FaceBook (ဗီယက်နမ်)

FaceBook (မြန်မာ)

Instagram (ဥရောက်)

https: //dept.bc.ac.kr/itntn

MYANMAR

• • ကမ္ဘာတဝှမ်းသို့ ဦးတည်ထားသည့် ဘူချွန်းတက္ကသိုလ် တစ်ကမ္ဘာလုံးဆိုင်ရာ ဘာသာစကားစင်တာ • •

ဘူချွန်းတက္ကသိုလ် တစ်ကမ္ဘာလုံးဆိုင်ရာ ဘာသာစကားစင်တာ



BUCHEON UNIVERSITY

BUCHEON UNIVERSITY | ဘူချွန်းတက္ကသိုလ် တစ်ကမ္ဘာလုံးဆိုင်ရာ ဘာသာစကားစင်တာ

25, Sinheung-ro 56beon-gil, Wonmi-gu, Bucheon-si, Gyeonggi-do, ကိုရီးယားသမ္မတနိုင်ငံ မုံးဒန်းဂီညောင်းမ်းဂွမ်း ၄လွှာ

TEL : (032)610-0731, (032)610-0728 FAX : (032)610-0729

E-MAIL : bcuoia@bc.ac.kr HOMEPAGE: https://dept/bc.ac.kr/itntn

ညွှန်ကြားချက်များ

- ဘူချွန်းဘူတာရုံ (လိုင်း 1) ထွက်ပေါက် 2 မှ ဝင်လာနိုင်သည်- မြောက်ဘက် ထွက်ပေါက်မှ လမ်းလျှောက်ပါ သို့မဟုတ် တောင်ဘက်ထွက်ပေါက်မှ ဘက်စ်ကား ပြောင်းဆီပါ
  ဘက်စ်ကား လမ်းကြောင်းများ- 23-2၊ 31-9၊ 22၊ 83၊ 96၊ 61၊ 015 (လူမှုအသိုင်းအဝိုင်း ဘက်စ်ကား)
- Sinjung-dong ဘူတာရုံ (လိုင်း 7) ထွက်ပေါက် 3 မှ- လမ်းလျှောက်အကွာအဝေး သို့မဟုတ် ဘက်စ်ကား ပြောင်းစီးခြင်း
  ဘက်စ်ကား လမ်းကြောင်းများ- 60၊ 60-1၊ 23-2၊ 6



BUCHEON UNIVERSITY

ကမ္ဘာသစ်ကို ဦးတည်ပြီး အိမ်မက်များကို အကောင်အထည်ဖော်လိုက်ပါ



ဘူဒ္ဓနိုးတက္ကသိုလ် တည်ထောင်သူ လွတ်လပ်ရေးလှုပ်ရှားသူ မုံးဒန်း
ဆရာကြီး ဟန် ဟန်းဂီးလ်(၁၈၉၇-၁၉၇၉)

လွတ်လပ်ရေး တက်ကြွလှုပ်ရှားသူ၊ စွန့်ဦးတီထွင်သူနှင့် ပညာရေးသင်ကြားပေးသူအဖြစ် အခြေခံဘဝ တစ်လျှောက်လုံးကို နှစ်မြှုပ်လုပ်ကိုင်ခဲ့သည့် ကလောင်အမည် "မုံးဒန်း(夢堂)" ဆရာကြီး ဟန် ဟန်ဂီးလ်သည် မှန်ကန်သော စိတ်၊ မှန်ကန်သော စဉ်းစားမှုနှင့် မှန်ကန်သော အပြုအမူကို ဦးစားပေးသည့် "မွန်မြတ်စိတ်ထား(正心)" လှုပ်ရှားမှုကို အခြေခံ၍ ဘူဒ္ဓနိုးတက္ကသိုလ်၏ မူလအစကျောင်းဖြစ်သည့် "Sosa စက်မှုနည်းပညာကျောင်း"ကို တည်ထောင်ဖွင့်လှစ်ခဲ့သည်။

ဆရာကြီး ဟန် ဟန်းဂီးလ်သည် ၃.၁ အရေးအခင်းအချိန်တွင်း မြို့လမ်းပေါ် ဆန္ဒပြရန် ဦးဆောင်ခဲ့သဖြင့် ဖမ်းဆီးခံရပြီး အကျဉ်းကျခံနေရစဉ်တွင်လည်း လွတ်လပ်ရေးအပေါ် ထားရှိသည်း စိတ်ထားကို ပြောင်းလဲခြင်း မရှိခဲ့ပါ။ ထိုအချိန်၌ ဆရာကြီးရရှိခဲ့သည့် အမည် 'မုံးဒန်း(အိမ်မက်ရဲ့ အိမ်)' သည် "ကမ္ဘာသစ်ကို ဦးတည်ပြီး အိမ်မက်များကို အကောင်အထည်ဖော်လိုက်ပါ" ဟူသော အဓိပ္ပာယ်ကို ကိုယ်စားပြုသည်။

ဘူဒ္ဓနိုးတက္ကသိုလ် ကမ္ဘာလုံးဆိုင်ရာဘာသာစကားစင်တာသည် အခက်အခဲများအကြားတွင်လည်း အိပ်မက်ကို အကောင်အထည်ဖော်ခဲ့သည့် မုံးဒန်း (夢堂) ၏ စိတ်ဓာတ်ကို ဆက်လက်ခံယူကာ၊ ကျောင်းသားများအား အသစ်သောကမ္ဘာဆီသို့ ဦးတည်၍ လျှောက်လမ်းနိုင်ရန် လမ်းပြပေးပါမည်။

ပညာရေးလမ်းကြောင်း၏ ပင်မဗဟို ဌာနအဖြစ် မြင့်တင်ခဲ့ပြီး ကမ္ဘာတစ်ဝှမ်းလုံးလူမျိုးအားလုံး၏ အိမ်မက်ကို အကောင်အထည်ဖော်လိုက်ပါ။



နိုင်ငံတကာ ကျောင်းသားရေးရာဌာန အမှုဆောင် ဒါရိုက်တာ
ဂူ ကျောင်အွန်း

မင်္ဂလာပါ

ဘူဒ္ဓနိုးတက္ကသိုလ် တစ်ကမ္ဘာလုံးဆိုင်ရာ ကိုရီးယားဘာသာစကားစင်တာသို့ တက်ရောက်သင်ကြားလာကြတဲ့ ကျောင်းသားများအားလုံးကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါသည်။

ယနေ့ခေတ် ကိုရီးယားတွင် K-cultureကို အစပြုပြီး ကိုရီးယားရေစီးကြောင်း နည်းလမ်းမျိုးစုံသည် ကမ္ဘာတစ်ဝှမ်းတွင် စိတ်ဝင်စားမှု မြင့်တက်ခံရပြီး ကိုရီးယားဘာစကားသည်လည်း ရိုးရှင်းသည့် ဘာသာစကားမှ ကမ္ဘာသုံးဆက်သွယ်ရေး ဘာသာစကားအဖြစ် နေရာယူလျက်ရှိနေပါသည်။ ကျွန်မတို့ ဘူဒ္ဓနိုးတက္ကသိုလ် ဘာသာစကားစင်တာသည် ယနေ့ခေတ်ရေစီးကြောင်းကို အမှီလိုက်၍ ကမ္ဘာနိုင်ငံ အသီးသီးမှ ကျောင်းသားများကို ကိုရီးယားဘာသာစကားနှင့် ကိုရီးယားယဉ်ကျေးမှုများကို ထိထိမိမိ နားလည်သဘောပေါက်စေပြီး တစ်ကမ္ဘာလုံးဆိုင်ရာ ထူးချွန်မှုကို ပြုစုပျိုးထောင်ပေးသည့် အကောင်းဆုံး ပညာရေးအဖွဲ့အစည်း ဖြစ်လာစေရန် ကြိုးပမ်းလျက်ရှိပါသည်။

ကျွန်မတို့ ပညာရေးဌာနသည် ကျွမ်းကျင်မှုနှင့် စိတ်အားထက်သန်ပြီး ထူးချွန်သောပါမောက္ခများ ၊ စနစ်တကျ စီမံထားသည့် သင်ရိုးသင်ခန်းစာများ၊ ထို့အပြင် အမျိုးမျိုးသော ကိုရီးယား ယဉ်ကျေးမှု အတွေ့အကြုံ ပရိုဂရမ်များကို စီစဉ်ပေးထားပါသည်။ ဤအရာများအားဖြင့် ကျောင်းသားများသည် ဘာသာစွမ်းရည်သာမက ယဉ်ကျေးမှုဆိုင်ရာ နားလည်မှုများပါ ရရှိနိုင်ပြီး တစ်ကမ္ဘာလုံးဆိုင်ရာ ဂုဏ်သိက္ခာရှိသူများအဖြစ် တိုးတက်နိုင်ရန် အထောက်အကူဖြစ်စေပါသည်။ ထို့အပြင် ကျောင်းသားတစ်ဦးချင်းစီ၏ ပညာရေး အောင်မြင်မှုနှင့် ကိုရီးယား လူမှုဘဝအတွင်း အဆင်ပြေစွာ အလျော်သင့်နိုင်ရေးအတွက် ပညာရေးဆိုင်ရာနှင့် အုပ်ချုပ်မှုဆိုင်ရာ အကူအညီများကို အားမလျော့ပေးထားပါ။ ထို့ကြောင့် နိုင်ငံခြားကျောင်းသားများအနေဖြင့် စိတ်ချလက်ချဖြင့် နွေးထွေးသည့် ပညာသင်ကြားနိုင်မည့် နေရာတစ်ခုကို မျှဝေ ပေးလျက်ရှိပါသည်။

ဘူဒ္ဓနိုးတက္ကသိုလ်သည် ကိုရီးယားဘာသာ သင်ကြားရေးမှ တစ်ဆင့် ကမ္ဘာနှင့် ကိုရီးယားကို ဆက်သွယ်ပေးသည့် တံတားအဖြစ် ဖြစ်ပေါ်စေရန် ရည်မှန်းထားပါသည်။ ကျွန်မတို့ ပညာရေးဌာနတွင် လေ့လာသင်ယူသည့်အရာများသည် သင်တို့၏ အနာဂတ်ကို ပိုမိုကျယ်ပြန့်စေသည့်အပြင် ကမ္ဘာစင်မြင့်ထက်တွင် အိပ်မက်များကို အကောင်အထည်ဖော်နိုင်စေ ရန် အလွန်တန်ဖိုးရှိသော အခြေခံအုတ်မြစ်တစ်ခု ဖြစ်စေရန် မျှော်လင့်ပါသည်။

ဘူဒ္ဓနိုးတက္ကသိုလ် ကိုရီးယားဘာသာစကားသင်တန်းသည် ကိုရီးယားဘာသာနှင့် ကိုရီးယားယဉ်ကျေးမှုအပေါ် စိတ်အားထက်သန်မှုရှိသည့် ကမ္ဘာနိုင်ငံအများအပြားမှ ကျောင်းသားများကို နွေးထွေးစွာ ကြိုဆိုရန် အဆင်သင့်ရှိနေပါသည်။ ကျောင်းသားများ၏ စိန်ခေါ်မှုများနှင့် တိုးတက်မှုများသည် ကျွန်မတို့ အားလုံး ဂုဏ်ယူစရာဖြစ်ပြီး ဘူဒ္ဓနိုးတက္ကသိုလ်အနေနှင့် အချိန်တိုင်း ကျောင်းသားများဘက်တွင် ရပ်တည်ပေးပါမည်။

ကမ္ဘာလုံးဆိုင်ရာပြိုင်ဆိုင်နိုင်စွမ်းကို မြှင့်တင်သည့် နိုင်ငံတကာကျောင်းသားရေးရာလှုပ်ရှားမှုနှင့် ဘာသာစကား ပံ့ပိုးမှု





နိုင်ငံတကာ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု

- တရုတ်၊ ဂျပန်၊ အမေရိကန်၊ ရုရှား၊ ဗီယက်နမ်၊ ဥဇဘက်ကစ္စတန် စသည့် အမျိုးမျိုးသောနိုင်ငံများရှိ တက္ကသိုလ်များနှင့် နိုင်ငံတကာ အပြန်အလှန် ပူးပေါင်း ဆောင်ရွက်မှု ပြုလုပ်ခြင်း

ကမ္ဘာလုံးဆိုင်ရာ စွမ်းရည်မြှင့်တင်မှု

- နိုင်ငံပေါ်လွင်ပေါက်ကျောင်းသား အပြန်အလှန် ပရိုဂရမ် နှင့် နိုင်ငံပေါ် ဘာသာပညာ သင်ယူသည့် အစီအစဉ်များ
- ကမ္ဘာလုံးဆိုင်ရာ စပီချ် ပြိုင်ပွဲ (ကိုရီးယားဘာသာ)
- ဘာသာစကား အပြန်အလှန် လေ့လာမှု (အင်္ဂလိပ်၊ တရုတ်၊ ဂျပန်)



J2 နိုင်ငံ

ကမ္ဘာနိုင်ငံအနှံ့ နိုင်ငံပေါင်း ၂၇ နိုင်ငံ မှ ကိုရီးယားဘာသာ သင်တန်းသားများ အတူတကွပါဝင်၍ ကိုရီးယားဘာသာကို လေ့လာသည့် ခရီးစဉ်အတွင်း မိတ်ဆွေသစ်များနှင့်အတူ တိုးတက်ကြမည်ဖြစ်ပြီး ကိုရီးယား ယဉ်ကျေးမှုကို နက်နက်ရှိုင်းရှိုင်း နားလည်နိုင်ရန်၊ အမျိုးမျိုးသော နိုင်ငံမှ ကျောင်းသားများနှင့် အပြန်အလှန် ဖလှယ်နိုင်မည့် အခွင့်အလမ်းကို လက်လွတ်မခံကြပါနှင့်။

(※ ၂၀၂၅ ခုနှစ် ၊ စက်တင်ဘာလ (၁၆)ရက်နေ့ အရ)





01 ကိုရီးယားဘာသာသင်တန်း

ကိုရီးယားဘာသာ စံနမူနာ သင်တန်းသည် ဘူချွန်းတက္ကသိုလ်၏ ကိုရီးယားဘာသာ သင်ကြားရေး ပရိုဂရမ်ဖြစ်ပြီး နိုင်ငံခြားသား ကျောင်းသားများ၏ ကိုရီးယားဘာသာပြောဆိုနိုင်စွမ်းကို လေ့ကျင့်သင်ကြားပေးရန် အဓိက ရည်ရွယ်ချက်ဖြစ်သည်။
စကားပြောခြင်း၊ နားထောင်ခြင်း၊ ဖတ်ခြင်း၊ ရေးခြင်း စသည့် တစ်ရက်လျှင် (၄)နာရီ အတန်းချိန်များဖြင့် ဖွဲ့စည်းထားပါသည်။ Level 1,2 သင်တန်းချိန်မှာ နေ့လည် ၁နာရီ ၃၀မိနစ်မှ ၅နာရီ ၃၀မိနစ်အထိဖြစ်ပြီး Level 3-6 ထိ သင်တန်းချိန်များမှာ မနက် ၉နာရီမှ နေ့လည် ၁နာရီ ထိ သင်ကြားပေးပါသည်။





အတန်းတက်ရက်
တနလာ် ~ သောကြာ (အပတ်စဉ် ၅ ရက်) အဆင့်တစ်ခုလျှင် ၁၀ ပတ်

စာသင်ချိန်
မနက် ၉နာရီ မှ နေ့လည် ၁ နာရီ (သို့ မဟုတ်) နေ့လည် ၁နာရီ ၃၀မိနစ်မှ ၅နာရီ ၃၀မိနစ် (တစ်ရက်လျှင် ၄နာရီ)

သင်ကြားပေးမည့် အတန်းများ
Level 1 ~ 6

ကျောင်းသားဦးရေ
တစ်ခန်းလျှင် အယောက် (၂၀)သာ

ကျောင်းလခ
Semesterတစ်ခုလျှင် ဝမ် ၁၂ သိန်း (1,200,000 won) [လျှောက်လွှာကြေး 50,000 won (ကျောင်းသားသစ်များသာ), သင်ရိုးပြဋ္ဌာန်းစာအုပ်များနှင့် အာမခံကြေး မပါဝင်ပါ]

ကိုရီးယားဘာသာစကားသင်တန်း နှစ်စဉ် အချိန်ဇယား

နှစ်	ပညာသင်ကာလ	သင်တန်းကြာချိန်	အတန်းချိန်	လျှောက်လွှာတင်ရက်
၂၀၂၆ ခုနှစ်	နွေဦး	၂၀၂၆ခုနှစ်၊ မတ်လ ၁၆ရက်နေ့မှ ၂၀၂၆ခုနှစ်၊ မေလ ၂၂ရက်နေ့ အထိ	အပတ်စဉ် တနလာ်မှ သောကြာ Level 1,2 – နေ့လည် ၁နာရီ ၃၀မိနစ်မှ ၅နာရီ ၃၀မိနစ် Level 3–6 – မနက် ၉နာရီ မှ နေ့လည် ၁ နာရီ	၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့မှ ၂၀၂၆ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ရက်နေ့ အထိ
	နွေရာသီ	၂၀၂၆ခုနှစ်၊ ဇွန်လ ၈ရက်နေ့မှ ၂၀၂၆ခုနှစ်၊ သြဂုတ်လ ၁၄ရက်နေ့ အထိ		၂၀၂၆ခုနှစ်၊ မတ်လ ၁၆ရက်နေ့မှ ၂၀၂၆ခုနှစ်၊ မေလ ၂၂ရက်နေ့ အထိ.
	ဆောင်းဦး	၂၀၂၆ခုနှစ်၊ စက်တင်ဘာလ ၇ရက်နေ့မှ ၂၀၂၆ခုနှစ်၊ နိုဝင်ဘာလ ၁၃ရက်နေ့ အထိ		၂၀၂၆ခုနှစ်၊ ဇွန်လ ၈ရက်နေ့မှ ၂၀၂၆ခုနှစ်၊ သြဂုတ်လ ၁၄ရက်နေ့ အထိ.
	ဆောင်းရာသီ	၂၀၂၆ခုနှစ်၊ ဒီဇင်ဘာလ ၇ရက်နေ့မှ ၂၀၂၇ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ရက်နေ့ အထိ		၂၀၂၆ခုနှစ်၊ စက်တင်ဘာလ ၇ရက်နေ့မှ ၂၀၂၆ခုနှစ်၊ နိုဝင်ဘာလ ၁၃ရက်နေ့ အထိ

※ လျှောက်ထားသူများ များပြားပါက လျှောက်လွှာလက်ခံမှုကို အစော ပိတ်နိုင်ပါသည်။

လျှောက်ထားသူ အရည်အချင်း

အထက်တန်းကျောင်းပြီးသူ သို့မဟုတ် ညီမျှသော ပညာအရည်အချင်းရှိသူ



လျှောက်ထားရန် လိုအပ်သောစာရွက်စာတမ်းများ

1. **လျှောက်ထားစာ**
2. **ကိုယ်ရေးအကျဉ်းစာ**
3. **သင်တန်းအစီအစဉ်စာ**
4. **ပညာသင်ကြားမှုအသုံးစရိတ် ပေးဆောင်မည့်အာမခံစာ**
5. **ကိုယ်ပိုင်အချက်အလက် အသုံးပြုခွင့် သဘောတူညီချက်**
6. **နောက်ဆုံးတက်ရောက်ခဲ့သောကျောင်း (အထက်တန်းကျောင်း အထက်) မဟုတ်သော အောင်မြင်မှုအထောက်အထား မူရင်း**
   ※ မူရင်းစာရွက်စာတမ်းဆိုသည်မှာ ကျောင်း၊ အစိုးရဌာနများမှ ထုတ်ပေးသော ပညာအရည်အချင်းစာရွက်စာတမ်းများကို ဘာသာပြန်ထားပြီးနောက် သံရုံးအတည်ပြုခြင်း သို့မဟုတ် အပိုစတီယူး (Apostille) လုပ်ထားသည့် မူရင်းကိုသာ လျှောက်ထားနိုင်ပါသည်
   ※ ာရွက်စာတမ်းများသည် ကိုရီးယား၊ အင်္ဂလိပ်၊ တရုတ် သို့မဟုတ် ဂျပန် မဟုတ်သည့် ဘာသာစကားများဖြင့် ရေးသားထားခဲ့ပါက မဖြစ်မနေ အဆိုပါ ဘာသာစကားများအနက် ဘာသာစကားတစ်ခုသို့ ဘာသာပြန်၍ လျှောက်ထားရမည်။
7. **နောက်ဆုံးတက်ရောက်ခဲ့သောကျောင်းမှ အမှတ်စရင်း မူရင်း (ဘာသာပြန်ပြီး သံရုံးအတည်ပြုခြင်း သို့မဟုတ် အပိုစတီယူး လုပ်ထားသည့် မူရင်းသာ လျှောက်ထားနိုင်ပါသည်)**
8. **ကိုယ်ပိုင် (သို့မဟုတ်) မိဘများ၏ ဝမ် သိန်း (၁၀၀) KRW 10,000,000 အထက် သက်သေခံစာရွက်စာတမ်း**
   ※ မိဘများ၏ သက်သေခံစာရွက်စာတမ်းတင်သွင်းချိန်တွင် (မိဘ၏ အလုပ်အကိုင် သက်သေခံစာ၊ နှစ်စဉ်ဝင်ငွေ သက်သေခံစာ သို့မဟုတ် မိဘ၏ စီးပွားရေးအကောင်အထည်ပြုလက်မှတ် မိတ္တူ)
   ① ငွေစာရင်းစုထားသည့် သက်တမ်း စာရွက်စာတမ်းတင်သွင်းသည့်နေ့မှ အနည်းဆုံး ၆ လကျော် (အပ်ငွေကို သက်တမ်းအလိုက် ရုပ်တန့်ထားရန်)
   ② သက်သေခံစာရွက်စာတမ်း ငွေစာရင်း သက်သေခံစာ (30) ရက်အတွင်း ထုတ်ပေးထားသည့်)
9. **ကိုယ်ပိုင်နှင့် မိဘများ၏ မိသားစုဆက်ဆံရေးသက်သေခံစာ(အိမ်ထောင်စုစာရင်း)**
   ※ တရုတ်နိုင်ငံသားဖြစ်ပါက အိမ်ထောင်စုစာရင်းမိတ္တူ နှင့် နေရပ်ခွဲသတ်မှတ် ID (မိဘနှင့် ကျောင်းသား) မိတ္တူ ၁ အစ
   ① ကျောင်းသားနှင့် မိဘများအချင်းချင်း အိမ်ထောင်စုစာရင်းတွင် ဖော်ပြထားခြင်း မရှိပါက မိသားစုဆက်ဆံရေး သက်သေခံစာ မူရင်း ၁ အစ ထပ်မံတင်ပြရမည်
   ② မိဘတစ်ဦး အိုးမဲ့ သို့မဟုတ် ကွယ်လွန်ထားပါက ဤအခြေအနေကို သက်သေပြနိုင်သော စာရွက်စာတမ်းများ ထပ်မံတင်ပြရမည်
10. **TOPIK သို့မဟုတ် KLAT ကိုးရီးယားဘာသာစွမ်းရည် အမှတ်စရင်း မိတ္တူ (ရှိမှသာ တင်ပေးပါရန်)**
11. **နိုင်ငံကူးလက်မှတ်စာအုပ် မိတ္တူ (နိုင်ငံခြားသူ မှတ်ပုံတင်ကတ် ရှိပါက နိုင်ငံခြားသူ မှတ်ပုံတင်ကတ် မိတ္တူလည်း တင်ပြရန်)**
12. **ဓာတ်ပုံ ၁ ပုံ (အရောင်၊ 3.5cm * 4.5cm)**
13. **စမ်းသပ်မှုကြေး ဝမ် ၅သောင်း (50,000 KRW)**
    ※ ဘာသာပြန်ထားသည့် စာရွက်စာတမ်းများ (၆)လ အတွင်း နှင့် ဘဏ်/ဝင်ငွေအထောက်အထားစာရွက်သက်တမ်းမှာ ၁ လ (၃၀ ရက်) အတွင်း ထုတ်ထားရမည်
    ※ သင်တန်းသား ဗီဇာ (D-4): ကိုရီးယားတွင် အများဆုံး ၂ နှစ်အထိတိုးချဲ့နိုင်သည်
    ※ ၀၂၁ မတ်လမှ စတင်၍ နိုင်ငံခြားသူကျောင်းသားများသည် အခြားနိုင်ငံခြားသူများနှင့် တူညီစွာ ဂျုန်းမာရေး အာမခံ ဒေသဆိုင်ရာ အဖွဲ့ဝင်အဖြစ် အလိုအလျောက်ပါဝင်ရမည်

* လျှောက်လွှာကို ဘူချွန်းတက္ကသိုလ် နိုင်ငံခြားကျောင်းသားရေးရာ ကျောင်းဝေခွဲတွင် ခေါင်းလုပ်လုပ်နိုင်ပါသည်၊ (တင်သွင်းပြီးသော စာရွက်စာတမ်းများကို မပြန်ပေးပါ)
(နိုင်ငံခြားကျောင်းသားရေးရာ : https://dept.bc.ac.kr/itntn/index.do)

ကျောင်းလျှောက်ခြင်းနှင့် ကျောင်းဝင်ခွင့် လမ်းညွှန်



※ ဝင်ခွင့်စာရွက်စာတမ်းလျှောက်ထားချိန်မှ စ၍ ဗီဇာရရှိသည်အထိ အချိန် တစ်လခန့် ကြာမြင့်နိုင်ပါသည်။ ဗီဇာထုတ်ပေးချိန်များသည် နိုင်ငံအလိုက် ကွာခြားနိုင်သည့်အတွက် သက်ဆိုင်ရာ နိုင်ငံ၏ ကိုရီးယားသံရုံး (သို့မဟုတ်) အထွေထွေသံရုံးများသို့ ကြိုတင် စုံးစမ်းစစ်ဆေးရန် လိုအပ်ပါသည်။

02 အားသာချက် (STRONG POINT)

ဘူဆွန်းတက္ကသိုလ်သည် ကိုးရီးယားဘာသာစကားပုံမှန်သင်တန်းနှင့် ကာလတိုလေ့လာရေးသင်တန်းအစီအစဉ်များကို စီမံအုပ်ချုပ်နေပါသည်။ ကျောင်းသားများ၏ ကိုးရီးယားယဉ်ကျေးမှုနားလည်မှုကို မြှင့်တင်ရန်၊ စာသင်ကာလတိုင်း ယဉ်ကျေးမှု အတွေ့အကြုံ အစီအစဉ်များကို ပြုလုပ်ပါသည်။

ဘူဆွန်းတက္ကသိုလ် နိုင်ငံတကာ ဘာသာစကားဗဟုသုတသည် အိမ်မက်များကို အကောင်အထည်ဖော်ရန် အကောင်းဆုံး အစီအစဉ်များကို ပံ့ပိုးပေးပါသည်။ ရည်မှန်းချက်များကို ပြည့်မှီစေရန် ကြိုးပမ်းခဲ့သည့် မိမိ၏ အချိန်တိုင်းသည် စုစည်းပြီး၊ ပိုမိုကျယ်ပြန့်သော ကမ္ဘာသို့ ရောက်ရှိနိုင်စွမ်းကို ဖြစ်စေပါသည်။

အားသာချက် 01 အမှတ်ထူးချွန် ပညာသင်ကြေးလျော့ပေးခြင်း

သတ်မှတ်ချက်	ပမာဏ(ဝမ်)	ထောက်ပံ့သည့် နည်းလမ်း
Level လိုက် ပထမရရှိသူ	KRW 600,000(ကျောင်းလခ၏ 50%)	နောက် စာသင်ကာလ၏ ကျောင်းလခအတွက် လျော့ချပေးမည်။

အားသာချက် 02 ကိုးရီးယားဘာသာစကားသင်တန်းနှင့် ယဉ်ကျေးမှု အတွေ့အကြုံ

ဘာသာစကားနှင့် ယဉ်ကျေးမှုတို့သည် အနီးကပ် ဆက်စပ်မှုရှိပါသည်။ ကိုးရီးယားဘာသာကို လေ့လာနေသော ကျောင်းသားများအတွက် ကိုးရီးယားဘာသာ ပုံမှန်သင်တန်းယဉ်ကျေးမှု အတွေ့အကြုံ အစီအစဉ်များမှတဆင့် ကိုးရီးယားယဉ်ကျေးမှုကို လေ့လာနိုင်ရန် အခွင့်အရေးကို ပေးပြီး၊ ကိုးရီးယားယဉ်ကျေးမှုနှင့် ကိုးရီးယားဘာသာအပေါ် စိတ်ဝင်စားမှုကို ဖြစ်ပေါ်စေပါသည်။

ပညာသင်ကာလ	အတန်းများ	အတွေ့အကြုံ အကြောင်းအရာ
နွေဦး	Level 1-2	ယပ်တောင် ပြုလုပ်ခြင်း
	Level 3-6	ဂယောင်ဘို့ နန်းတော်
နွေရာသီ	Level 1-6	Nanta သရုပ်ပြဖျော်ဖြေမှု
ဆောင်းဦး	Level 1-2	ကိုယ်ပိုင် လက်ဆွဲအိတ် ဖန်တီးခြင်း
	Level 3-6	လော့တေးကမ္ဘာ(Lotte World)
ဆောင်းရာသီ	Level 1-2	ကိုးရီးယားအစားအစာချက်ပြုတ်ခြင်း
	Level 3-6	ရေခဲကွင်း (လော့တေးကမ္ဘာ)

※ အထက်ဖော်ပြထားသော အတွေ့အကြုံ အကြောင်းအရာများကို အခြေအနေအရ ပြောင်းလဲနိုင်ပါသည်။

အားသာချက် 03 မိခင်ဘာသာစကား ပြောနိုင်သော ဝန်ထမ်းများ၏ ကူညီမှု

▶ **မြဲယက်နမ်၊ မြန်မာ၊ အူဇဘက်ကစ္စတန်၊ ဂျပန်၊ တရုတ်**

ကျွန်ုပ်တို့သည် မိခင်ဘာသာစကား ပြောနိုင်သော ဝန်ထမ်းများမှ တဆင့် အကြံဉာဏ်နှင့် ကူညီမှုများ ပေးပါသည်။ ပညာသင်ကြားမှု၊ ဗီဇာလျှောက်ထားခြင်း၊ စာရင်းသွင်းခြင်း စသည့် လိုအပ်သော အဆင့်ဆင့် အားလုံးတွင် မိခင်ဘာသာစကား နည်းပညာဆရာဝန်များက သေချာစွာ အကူအညီပေးပြီး၊ စိတ်မချမ်းသာမှုများ သို့မဟုတ် အခက်အခဲများကို လွယ်ကူစွာ ဖြေရှင်းနိုင်ပါသည်။ ကိုးရီးယားနိုင်ငံ၌ သင်ကြားမှုအဆင့်အားလုံးကို အတူတူ ပြင်ဆင်ကူညီပြီး၊ အောင်မြင်သော ပညာသင်ကြားမှုဘဝကို စတင်နိုင်ရန် ကူညီပေးပါသည်။





အားသာချက် 04 TOPIK ရရှိရေး အစီအစဉ်နှင့် စာမေးပွဲကျင်းပမှု



နိုင်ငံခြားကျောင်းသားများသည် ကိုးရီးယားဘာသာစွမ်းရည် စာမေးပွဲ (TOPIK) ကို ရရှိနိုင်ရန် အထူးသင်တန်းအစီအစဉ်ကို အခမဲ့ ပံ့ပိုးပေးပါသည်။ ထို့အပြင် ဘူဆွန်းတက္ကသိုလ်သည် TOPIK PBT နှင့် IBT အခြေခံ စာမေးပွဲများ၏ တရားဝင် စာမေးပွဲအဖွဲ့အစည်း ဖြစ်သဖြင့် ကိုးရီးယားဘာသာစကားသင်တန်းနှင့် ဘူဆွန်းတက္ကသိုလ် မေဂျာ ကျောင်းသားများ အနေဖြင့် ခက်ခဲမှုမရှိဘဲ ဘူဆွန်းတက္ကသိုလ်တွင် TOPIK အဖွဲ့လိုက် စာမေးပွဲ လျှောက်ထားနိုင်ပြီး ဖြေဆိုနိုင်ပါသည်။ ဘာသာစကားသင်ကြားမှုအတွင်း ကြိုးစားလေ့လာခဲ့သည့် အောင်မြင်မှုများကို အတည်ပြုရန် ဘူဆွန်းတက္ကသိုလ် နှင့်အတူ စိန်ခေါ်ကြပါစို့။

အားသာချက် 05 နိုင်ငံခြား ကျောင်းသားများအတွက် သီးသန့် ကွန်ပျူတာခန်း

ကွန်ပြူတာခန်းသည် အွန်လိုင်းလုပ်ငန်းပိုင်းဆိုင်ရာများ(ဗီဇာနှင့် သက်ဆိုင်သည့် လုပ်ငန်းများနှင့် ကိုရီးယားအရည်အချင်းစစ် စာမေးပွဲ (TOPIK)လျှောက်ထားခြင်း)ကို အဆင်ပြေချောမွေ့စွာ လုပ်ဆောင်နိုင်ပြီး နားနေနန်းများတွင် ကျောင်းသားများ စာလေ့လာခြင်း သို့မဟုတ် အနားယူခြင်းများစသည့် အချင်းချင်း ရင်းနှီးဖလှယ်နိုင်သည့် သက်သောင့်သက်သာ နေရာအဖြစ် လုပ်ဆောင်ပေးထားပါသည်။





အားသာချက် 06 ကာလတို လေ့လာရေးသင်တန်းအစီအစဉ်

ကာလတို လေ့လာရေးသင်တန်းအစီအစဉ်သည် တိုတောင်းသက်တမ်းအတွင်း ကိုးရီးယားဘာသာနှင့် ကိုးရီးယားယဉ်ကျေးမှုကို လေ့လာနိုင်ရန် တည်ဆောက်ထားပါသည်။ဘူဆွန်းတက္ကသိုလ် ဘာသာစကားစင်တာ၏ လက်တွေ့အလုပ်ဆောင်သူများနှင့် ကျွမ်းကျင်သည့် ဆရာများ သည် ပြည်တွင်းနှင့် ပြည်ပ တက္ကသိုလ်များ၊ အစိုးရဌာနများ၊ ကုမ္ပဏီများမှ တောင်းဆိုသည့် အကြောင်းအရာ၊ သက်တမ်း စသည့်အချက်များကို ဆွေးနွေးပြီး ကာလတိုလေ့လာရေးသင်တန်းအစီအစဉ်ကို ဖန်တီးပါသည်။

ကာလတိုလေ့လာရေးသင်တန်းအစီအစဉ်တွင် ကိုးရီးယားယဉ်ကျေးမှု အတွေ့အကြုံနှင့် ကိုးရီးယားဘာသာသင်တန်းများကို ပေါင်းစပ်ထားသဖြင့် ရက်အနည်းငယ်အတွင်း ကိုးရီးယားနိုင်ငံကို အပြည့်အဝ အတွေ့အကြုံ ရရှိနိုင်ပါသည်။

- **တက္ကသိုလ် (သို့) အစိုးရဌာနများ လုပ်ငန်းများကို ဦးစားပေး လေ့လာပါသည်**
- **ယဉ်ကျေးမှုအတွေ့အကြုံ / ကိုရီးယားဘာသာစကား အတန်းပါ ပါဝင်ပါသည်**





03 အမှတ်တရများ

ဘူဆွန်းတက္ကသိုလ် တွင် နိုင်ငံရပ်ခြားမှ ကျောင်းသားများ၏ ဝမ်းမြောက်ဖွယ် ကိုရီးယားဘဝနှင့် ယုံကြည်မှုတိုးပွားရေးအတွက် အမျိုးမျိုးသော ပွဲများကို ကျင်းပပေးပါသည်။
အထူးတက္ကသိုလ် စုပေါင်းပြီး ကိုရီးယားဘဝအတွင်း ကြုံတွေ့ခဲ့ရသော အတွေ့အကြုံများကို မျှဝေကာ အကနှင့် သီချင်းကို စုပေါင်းဖျော်ဖြေပြီး မမေ့မလျော့ အမှတ်တရများကို တူတူ ဖန်တီးသွားပါသည်။

အမှတ်တရ 01 သင်တန်းပြီးမြောက်မှု အခမ်းအနား



▶ **အမှတ်ထူးချွန်ဆု ၊ ကျောင်းတက်မှုန်ဆုနှင့် အောင်လက်မှတ် ချီးမြှင့်ပွဲ**

သင်တန်းကာလတိုင်း (၁၀)ပတ်အတွင်း လည်ပတ်နေသည့် ကိုရီးယားဘာသာစကား သင်တန်း ပြီးပါက သင်တန်းပြီးမြောက်မှု အခမ်းအနားကို ကျင်းပပါသည်။ အခမ်းအနား တွင် အောင်လက်မှတ် ၊ အမှတ်ထူးချွန်ဆု ၊ကျောင်းတက်မှန်ဆုများ ချီးမြှင့်ပေးလျက်ရှိသည်။ အောင်လက်မှတ်များကို ကိုရီးယားဘာသာစကားသင်တန်းတွင် နောက်တစ်ဆင့်တက်ရန် သတ်မှတ်ချက်နှင့် ကိုက်ညီသူများကိုသာ ချီးမြှင့်ပေးပြီး Level အလိုက် ပထမရရှိသူများကို အမှတ်ထူးချွန်နှင့် လက်ဆောင်များကို ချီးမြှင့်ပါသည်။ ထို့အပြင် တက်ရောက်နေသော ကျောင်းသားအနေနှင့် ကိုရီးယားတွင် ရှိနေချိန်အတွင်း သင်ယူခဲ့သော အရာများ အပါအဝင် သီချင်းဆိုခြင်း။ ကခုန်ခြင်း၊ သရုပ်ပြခြင်း အပြင် ဖန်တီးထားသော ပီဒီယို အစရှိသည်တို့ကို ပြသကာ စာသက်ကာလကို အပြီးသတ်လေ့ရှိပါသည်။

အမှတ်တရ 02 ပိတ်ရက်ရှည် (နှစ်သစ်ကူး၊ ကောက်သစ်စားပွဲ) အထူး ပွဲအစီအစဉ်များ

နိုင်ငံရပ်ခြားတွင် အထီးကျန်စွာ ပိတ်ရက်ရှည်ကို အထီးကျန်စွာဖြတ်သန်းနေရတဲ့ နိုင်ငံခြားပညာသင် ကျောင်းသားများအတွက် ယူနိုရီ(ရိုးရာကစားနည်း) ၊ ကိုရီးယားရိုးရာခြင်းခတ်၊ အိုးထဲသို့ တိုက်ရိုက်ပစ်ကစားခြင်း စသည့် ကိုရီးယားရိုးရာ ကစားနည်းများ ကစားပြီး ဆန်ရိုအေး, ကောက်ညှင်းမုန့်များ အစရှိသည့် ကိုရီးယားရိုးရာ အစားအသောက်များကို စားသုံးရင်း ကိုရီးယားရဲ့ နွေးထွေးတဲ့ အမှတ်တရကို ပေးဆောင်လျက် ရှိပါသည်။




အမှတ်တရ 03 အားကစားပွဲ

အားကစားပွဲမှာ ရိုးရိုးပြိုင်ဆိုင်ခြင်းကိုကျော်လွန်ပြီး ကိုရီးယားယဉ်ကျေးမှုကို အတွေ့အကြုံရရှိနိုင်ပြီး မိတ်ဆွေများနှင့်အတူ ပူးပေါင်းဆောင်ရွက်နိုင်သော တန်ဖိုးရှိသော အချိန်ဖြစ်ပါသည်။ ကျောင်းသားများစွာ ပါဝင်ကစားခြင်းဖြင့် မတူညီသော အားကစားများနှင့် လှုပ်ရှားမှုများမှတဆင့် တစ်ဦးနဲ့တစ်ဦး ပူးပေါင်းဆောင်ရွက်နိုင်ပြီး အောင်မြင်မှုအတွေ့အကြုံကို ဝေနိုင်ပါသည်။





04 ကျောင်းအဆောင်နှင့် သာယာအဆင်ပြေမှုများ

ကိုရီးယားဘာသာစကားသင်တန်း ကျောင်းသားသစ်၊ ကျောင်းသားဟောင်းများ သည် ဘူဆွန်းတက္ကသိုလ်၏ ကျောင်းအဆောင်ဖြစ်သည့် အပြည်ပြည်ဆိုင်ရာအဆောက်အအုံ (International Hall) သို့ တက်ရောက်နိုင်ပါသည်။

လျှောက်ထားနိုင်သူ	ကိုရီးယားဘာသာစကားသင်တန်း ကျောင်းသားသစ်၊ ကျောင်းသားဟောင်းများ
လျှောက်ထားနည်း	ISA ခွင့်ပြုချက်ရရှိပြီးနောက် အတည်ပြုချက်ကို သတင်းပို့ ▶ ကျောင်းအိပ်ခန်းကြေး ပေးချေခြင်း
အဆောင်လခ	• ၂ ယောက်ခန်း : တစ်လလျှင် ဝမ် ၃သိန်း • ၃ယောက်ခန်း : တစ်လလျှင် ဝမ် ၂သိန်းခွဲ ※ စပေါ်ငွေ _ ၂ယောက်ခန်း ဝမ် ၆သိန်း , ၃ယောက်ခန်း ဝမ် ၅သိန်း (ကျောင်းအပ်ပါက ကျောင်းလခသွင်းခြင်း ၊ ကျောင်းထွက်ပါက ပြန်အမ်းငွေ ပေးခြင်း)
အဆောက်အဦးတွင်း အဆင်ပြေမှုများ	အခန်းတွင်း : စားပွဲ၊ မတ်တုတ်၊ အအေး/အပူစနစ်၊ အိမ်သာ စသဖြင့် အများသုံး : အဝတ်လျှော်ခန်း၊ မီးဖိုချောင် စသဖြင့်
နေထိုင်ခွင့်	(၃)လ တစ်ကြိမ် သက်တမ်းတိုးနိုင်
ဆက်သွယ်ရန်	+82-32-610-0733






အဆောက်အဦးများ၏ တည်နေရာနှင့် လမ်းညွှန်

မုံးဒန်းစာကြည့်တိုက်နှင့် စာလေ့လာခန်း



ကျောင်းရှင်းဂွမ်း ၂လွှာ

ဒရိမ်းကဖေး



ကူးမ်ဂျိပ် စည်ခန်း ၊ ဟန်းနိဂီးလ် စည်ခန်း

ဟန်းဂီးလ် ကန်တင်း



ဟန်းနိဂီးလ်ဂွမ်း မြေအောက် ၁လွှာ

အားကစားခန်း



မုံးခန်းဂီညောင်းဓ်ဂွမ်း ၁လွှာ

မီလယ်နီယောလ်ဂွမ်း



အပန်းဖြေ နားနေခန်း

အပန်းဖြေနေရာ



တက္ကသိုလ်အတွင်း သဘာဝနှင့် အနီးဆုံးပတ်ဝန်းကျင်ကို ဖန်တီးထားပြီး အပန်းဖြေရာ၊ တွေ့ဆုံရာ နေရာအဖြစ် လူကြိုက်များပါသည်။ 30 နှစ်ကျော် သက်တမ်းရှိ မီဘာစက်ဂျိုင်ယာ သစ်ပင်များနှင့် အမျိုးမျိုးသော သစ်ပင်၊ ပန်းများ ပေါင်းစပ်ထားသည့် ပန်းခြံကို ရှုခင်းနိုင်ပါသည်။